## ဗတ္တိဇံမင်္ဂလာသည်အဘယ်ကြောင့်
## အမှန်တကယ်အရေးကြီးရသနည်း၊
## ကျွန်တော်တို့ကယ်တင်ခြင်းရရှိရန်မည်သို့လုပ်ဆောင်ကြရမည်နည်း၊

ယနေ့လူအများအပြားတို့မှာ၊-

- **သင်အဘယ်ကြောင့်ဗတ္တိဇံခံယူဖို့ရန်စိတ်အနှောင့်အရှက်ဖြစ်နေရသနည်း?**

- **ထိုအရာသည်အခမ်းအနားတစ်ခုပင်မဟုတ်ပါလား?**

- **ဘုရားကျောင်းတွင်ဘုန်းတော်ကြီးမှခလေးကိုသန့်ရှင်းသောရေတစ်စက်နှစ်စက်အားခေါင်းပေါ်တွင်ဖျန်းပေးခြင်း (သို့မဟုတ်) ကိုယ်ခန္ဓာတစ်ခုလုံးအားရေတွင်နှစ်ပေးခြင်းမျိုးမဟုတ်ပါလား?**

- **ထိုသို့ပြုလုပ်ခြင်းအားဖြင့်မည်သို့ထူးခြားမှုရှိလာမည်နည်း?**

- **သင်တို့မှအချိန်များကိုအချည်းအနှီးဖြုန်းတီးနေခြင်းပင်မဟုတ်ပါလော?**

စသည်ဖြင့်မလွဲမသွေပြောဆိုကြပါလိမ့်မည်။

တိုတောင်းသောအဖြေမှာ၊ဓမ္မသစ်ကျမ်းစာတွင်ဗတ္တိဇံနှင့်ပတ်



သက်၍အရေးကြီးပုံကိုသခင်ယေရှုကိုယ်တော်တိုင်မိန့်တော်မူထားသကဲ့သို့တမန်တော်များသည်လည်းထပ်ဆင့်ပြောကြားခဲ့မှုများရှိနေပါသည်။ ရိုးစင်သောအချက်မှာ၊ယခုကျွန်တော်တို့အားလုံး၏လက်ဝယ်တွင်ရှိသောသမ္မာကျမ်းစာသာလျှင်ဖြစ်ပါသည်။ သခင်ယေရှုမည်သူဖြစ်သည်၊မည်သည့်အရာကိုသွန်သင်တော်မူခဲ့သည်၊သူ၏နောက်တော်သို့လိုက်သောသူတို့ကိုမည်သည့်အရာကိုလုပ်ဆောင်ရန်မိန့်ကြားခဲ့သည်ဆိုသောအဖြေများကိုသိရှိဖို့ရန်သမ္မာကျမ်းစာတွင်ရှာဖွေတွေ့ရှိနိုင်ပါသည်။

ဗတ္တိဇံမင်္ဂလာနှင့်ပတ်သက်၍လူတို့၏ထင်မြင်ယူဆချက်များ(သို့မဟုတ်)စုပေါင်းဖွဲ့စည်းထားသောအဖွဲ့အစည်းများ(သို့မဟုတ်)သာသနာ့ကောင်စီများ၏အကြံပြုချက်များအပေါ်မှီခိုခြင်းတို့ထက်သမ္မာကျမ်းစာမှမည်သို့သွန်သင်ပြောဆိုထားရှိသည်ဆိုသည့်အရာသာလျှင်ကျွန်တော်တို့အတွက်လွန်စွာအရေးကြီးလှပါသည်။

သခင်ခရစ်တော်နှင့်ရွေးချယ်ခံတပည့်တော်များကဗတ္တိဇံမင်္ဂလာနှင့်ပတ်သက်သောအကြောင်းအရာများကိုသွန်သင်ဟောပြောခဲ့ကြသည်ဆိုပါလျှင်ကျွန်တော်တို့သည်လည်းယင်းအချက်များကိုသိရှိရန်လိုအပ်ပါလိမ့်မည်။

အဓိကကျသောမေးခွန်းမှာ၊သခင်ယေရှုသည်မည်သည့်အရာကိုမိန့်တော်မူ၍သွန်သင်ထားရှိပြီး၊သူ၏တပည့်တော်များကလည်းလိုက်နာကြသဖြင့်မည်သည့်အကျိုးဖြစ်ထွန်းမှုကိုရရှိခဲ့ကြသည်ဆိုသောအရာပင်ဖြစ်သည်။

**ရေပြင်နှင့်မွေးဖွားခြင်း။**

**နိကောဒင်**အမည်ရှိသောယုဒလူမျိုးခေါင်းဆောင်တစ်ဦးသည်ညဘက်၌သခင်ယေရှုထံသို့ရောက်ရှိလာရာ၊သခင်ယေရှုက၊-

> ***“ဒုတိယမွေးခြင်းကိုမခံသောသူမည်သည်ကား၊ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်ရ၊”***

ထိုမိန့်တော်မူချက်ကိုနိကောဒင်မှတိုက်ရိုက်အနက်ကောက်ရာသခင်ယေရှုမှထပ်မံ၍အောက်ပါအတိုင်းမိန့်တော်မူခဲ့ပါသည်။

> ***“ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား၊ဘုရားသခင်၏နိုင်ငံတော်သို့မဝင်ရ၊” (ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၃း၃-၅)။***

***“ရေနှင့်မမွေးလျှင်”*** ဟုဆိုခြင်းသည်ဗတ္တိဇံမင်္ဂလာကိုတိုက်ရိုက်ညွှန်ပြခြင်းမဟုတ်ပါလော။ ဗတ္တိဇံဆရာယောဟန်သည်တက်ကြွစွာဖြင့်နောင်တနှင့်ဆိုင်သောတရားတော်ကိုဟောပြောပြီး၊ယောဒန်မြစ်တွင်လူအများကိုဗတ္တိဇံပေးခဲ့ပါသည်။ သခင်ယေရှုကိုယ်တိုင်ပင်ဗတ္တိဇံဆရာယောဟန်အား၊-

> ***“အလုံးစုံသောတရားတို့ကိုအကုန်အစင်ကျင့်သင့်သည်ဖြစ်၍၊ယခုအခွင့်ပေးပါ၊” (ရှင်မဿဲခရစ်ဝင်ကျမ်း ၃း၁၅)***



အထက်ပါအတိုင်းမိန့်တော်မူ၍ဗတ္တိဇံကိုခံယူတော်မူခဲ့သည်။ သခင်ယေရှုက၊ ***“ရေနှင့်မမွေးလျှင်”*** ဟူသောမိန့်တော်မူချက်သည်ယောကျ်ား(သို့မဟုတ်)မိန်းမတစ်ဦးသည်ဘုရားသခင်၏နိုင်ငံတော်သို့ဝင်ရောက်နိုင်ရန်အတွက်ဗတ္တိဇံမင်္ဂလာကိုခံယူရမည်မှာမလွဲဧကန်ဖြစ်ကြောင်းဆိုလိုရင်းဖြစ်ပါသည်။

သခင်ယေရှုကောင်းကင်နိုင်ငံတော်သို့တက်ကြွခြင်းမတိုင်မီ၊ယင်းအချက်ကိုပိုမိုခိုင်မာစေရန်အောက်ပါညွှန်ကြားချက်ကိုသူ၏တပည့်တော်များကိုမိန့်တော်မူခဲ့ပါသည်။

> ***“သင်တို့သွား၍လူမျိုးတကာတို့ကိုငါ့တပည့်ဖြစ်စေလျက်၊ခမည်းတော်၊သားတော်၊သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ဗတ္တိဇံကိုပေးကြလော့။ ငါသည်သင်တို့အားပေးသမျှသောပညတ်တော်တို့ကိုစောင့်ရှောက်စေခြင်းငှါဆုံးမသြဝါဒပေးကြလော့။” (ရှင်မဿဲခရစ်ဝင်ကျမ်း ၂၈း၁၉-၂၀)***

သခင်ယေရှုကောင်းကင်သို့တက်ကြွပြီးသည့်နောက်သူ၏တမန်တော်များ၏လုပ်ငန်းမှာ၊သင်ကြားခြင်းနှင့်သွန်သင်ခြင်းတို့ဖြစ်ရာ၊ယင်းအထဲ၌ဗတ္တိဇံမင်္ဂလာအကြောင်းလည်းအတိအကျပါဝင်ခဲ့လေသည်။

## တမန်တော်တို့၏ဆောင်ရွက်ချက်များ။

**♦ တမန်တော်တို့သည်အထက်ပါသခင်ယေရှုမိန့်မှာချက်ကိုမည်သို့နားလည်၍မည်သို့လက်တွေ့လုပ်ဆောင်ခဲ့ကြသနည်း?**

တမန်တော်တို့၏တန်ဖိုးကြီးမားသောလုပ်ဆောင်ချက်များကို ***"တမန်တော်ဝတ္တု"*** တွင်အောက်ပါအတိုင်းဖေါ်ပြထားရှိပါသည်။

*၂း၃၆-၃၈* ရှင်ပေတရုသည်ယေရုရှလင်မြို့ရှိနားသောတဆင်သူတို့အား၊သင်တို့လက်ဝါးကပ်တိုင်တွင်ကွပ်မျက်သောယေရှုသည်၊ ***"အရှင်သခင်နှင့်ခရစ်တော်"*** ဖြစ်သည်ဟုဟောပြောခဲ့ရာ၊ကြားနာသောသူတို့သည်စိတ်နှလုံးပူပန်ခြင်းရှိ၍ ***"အဘယ်သို့ပြုရပါမည်နည်း"*** ဟုမေးမြန်းကြရာ ရှင်ပေတရုမှ ***"သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှါနောင်တရ၍တယောက်မျှမကြွင်း၊ယေရှုခရစ်၏နာမ၌ဗတ္တိဇံကိုခံကြလော့"*** ဟုပြောကြားခဲ့ပါသည်။

*၂း၄၁* သူတို့မည်သို့တုန့်ပြန်ခဲ့သည်ဆိုလျှင်၊ ***"ထိုစကားကိုအသင့်နှလုံးသွင်းမိသောသူတို့သည်ဗတ္တိဇံကိုခံ၍၊. . . . . . "***



*၈း၁၂* ဖိလိပ္ပုသည်ရှမာရိမြို့၌ဧဝံဂေလိတရားကိုဟောကြားခဲ့ရာ၊ ***"ဖိလိပ္ပုသည်ဘုရားသခင်၏နိုင်ငံတော်နှင့်ငှင်း၊ယေရှုခရစ်၏နာမတော်နှင့်ငှင်းစပ်ဆိုင်သောဧဝံဂေလိတရားကိုဟောပြော၍ထိုသူတို့သည်ယုံကြည်သောအခါ၊ယောကျ်ား၊မိန်းမတို့သည် ဗတ္တိဇံကိုခံကြ၏။"***

*၈း၃၆* ဖိလိပ္ပုသည် ***အဲသယောပိ*** အမတ်အားယေရှုသည်ကျမ်းစာတော်ကိုပြည့်စုံစေသူဖြစ်ကြောင်းရှင်းလင်းပြရာအမတ်ကြီးက၊ ***"အကျွန်ုပ်ကိုဗတ္တိဇံမခံစေခြင်းငှါမည်သည့်အကြောင်းဆီးတားပါသနည်းဟုပြောဆိုလျှင်"*** သူနှင့်ဖိလိပ္ပုတို့သည်ရေထဲသို့အတူဆင်းကြပြီး အမတ်ကြီးအားဗတ္တိဇံပေး၏။ ဖိလိပ္ပုကအမတ်ကြီးအားဗတ္တိဇံ၏အဓိပ္ပါယ်နှင့်လိုအပ်ပုံကိုရှင်းလင်းပြောကြားခဲ့ပါသည်။

*၉း၁၈* တာရှုမြို့သားရှောလုသည်ဒမသက်လမ်းပေါ်တွင်သေခြင်းမှရှင်ပြန်ထမြောက်ခဲ့သောသခင်ယေရှုကိုတွေ့မြင်ပြီးသည့်နောက်မျက်စိကန်းခဲ့ရာသစ္စာရှိတပည့်တော် ***အာနနိ*** မှလာရောက်တွေ့ဆုံခဲ့သည်။ အာနနိစကားကိုရှောလုကြားပြီးသည့်နှင့်၊. . ***"ထိုခဏ၌ရှောလု၏မျက်စိမှငါးကြေးကွာကျသကဲ့သို့ဖြစ်၍၊မျက်စိပြန်မြင်***

***သဖြင့်ထ၍ဗတ္တိဇံခံပြီးလျှင်၊. . ”***

***၁၆း၁၄-၁၅*** ***လုဒိ***သည်ဘုရားသခင်ကိုကိုးကွယ်သူဖြစ်၍ရှင်ပေါလုဟောသောတရားကိုနားထောင်၍ဗတ္တိဇံကိုခံယူလေ၏။

***၁၆း၃၀-၃၃*** ဖိလိပ္ပိမြို့မှ***ထောင်မှူး***သည်မြို့ထဲတွင်ပေါလုဟောပြောချက်ကိုကြားခဲ့ပြီးဖြစ်၍ပေါလုနှင့်သိလအား ***“အကျွန်ုပ်သည်ကယ်တင်ခြင်းသို့ရောက်အံ့သောငှါအဘယ်သို့ပြုရပါမည်နည်းဟုမေးလျှောက်လေ၏။”*** ပေါလုနှင့်သိလတို့ကကိုယ်တော်၏တရားကိုဟောကြားပေးရာထောင်မှူးသည်ဗတ္တိဇံခံယူလေသည်။

***၁၉း၃-၅*** ဧဖက်မြို့တွင်ဗတ္တိဇံဆရာယောဟန်၏ဗတ္တိဇံကိုသာသိကြွမ်းသောယုံကြည်သူတစ်ချို့ရှိလေရာ၊ရှင်ပေါလုမှအောက်ပါအတိုင်းရှင်းလင်းခဲ့ပါသည်။ ***“ယောဟန်ကာ၊ငါ့နောက်ကြွလာသောသူကိုယုံကြည်ရမည်ဟုလူများတို့အားပြောဆိုလျက်၊နောင်တနှင့်စပ်ဆိုင်သောဗတ္တိဇံကိုပေး၏။ ထိုသို့ဆိုရာ၌ယေရှုခရစ်ကိုဆိုလိုသည်၊ ဟူသောစကားကိုကြားလျှင်၊ထိုသူတို့သည်သခင်ယေရှု၏နာမ၌ဗတ္တိဇံကိုခံကြ၏။”***



## ကော်နေလီ။

***ကောနေလီ***အကြောင်းနှင့်ပတ်သက်၍***(တမန်တော်ဝတ္ထု၁၀)***လက်ရှိတိုးတက်နေသောခေတ်ကြီး၌စိတ်ဝင်စားဖွယ်ရာအများအပြားနှင့်မှတ်သားဖွယ်ရာထူးခြားမှုများရှိနေသည့်အတွက်ချင့်ချိန်၍အထက်ပါစာရင်းအားနောက်ဆုံးအနေနှင့်ဖေါ်ပြရခြင်းဖြစ်ပါသည်။ ကော်နေလီသည်ရောမစစ်သားတစ်ဦးဖြစ်ပြီး၊ဣသရေလတို့၏ဘုရားသခင်ကိုသိကျွမ်းကိုးကွယ်သူဖြစ်သည်။ သူသည်ဘုရားတရားကြည်ညိုသူတစ်ဦးဖြစ်ပြီးသူနှင့်သူ၏အိမ်သူအိမ်သားတို့သည်ဘုရားသခင်ကိုကြောက်ရွံ့ခြင်းရှိကြ၍လူအများတို့ကိုလည်းစွန့်ကြဲပေးကမ်းကြခါဘုရားသခင်ထံအစဉ်ဆုတောင်းလေ့ရှိကြသောသူများဖြစ်ကြသည်။***(အငယ် -၂)*** အလွန်ရိုသေလေးမြတ်ဖွယ်ရာကောင်းသူတစ်ဦးပေတည်း။ ဘုရားသခင်ကိုကိုးကွယ်သောသူ၊ကောင်းမွန်သောအကျင့်ကိုကျင့်ပြီးဆုတောင်းခြင်းနှင့်ပြည့်ဝသောသူဖြစ်ကြလေသည်။

**♦ အမှန်ဆိုရပါလျှင်၊သူ့အတွက်နောက်ထပ်လုပ်ဆောင်ရန်မည်သည့်အရာမှမလိုတော့ဟုဆိုလျှင်မှန်ပါမည်လား?**

သမ္မာကျမ်းစာသည်သူ့တွင်လိုအပ်နေသောအရာတစ်ခုကိုလုပ်ဆောင်ခဲ့ကြောင်းဖေါ်ပြပါသည်။ ရှင်ပေတရုစေခိုင်းချက်အရကော်နေလီထံသွားရောက်ပြီး၊***“ကယ်တင်တော်မူခြင်းတရားစကားကို”(၁၁း၁၄)*** ဟောပြောခဲ့လေသည်။ ဘုရားသခင်မှသခင်ယေရှု

ခရစ်တော်အားဖြင့်လုပ်ဆောင်ခဲ့သောအရာများကိုလည်းရှင်းလင်းခဲ့၏။

***"ထိုသခင်ကိုယုံကြည်သူရှိသမျှတို့သည်နာမတော်အားဖြင့်အပြစ်လွှတ်တော်မူခြင်းကျေးဇူးကိုခံရကြလတံ့၊. ။" (၁၀း၄၃)***

ရှင်ပေတရုသည်သခင်ဘုရား၏စေခိုင်းချက်အရလာရောက်ခြင်းဖြစ်သော်လည်း၊စိတ်ပါလှုမှုမရှိချေ။ ရှင်ပေတရုနှင့်အဖွဲ့အပါအဝင်ယုဒလူအားလုံးတို့သည်တစ်ပါးအမျိုးသားများမှယုံကြည်သူအဖြစ်ပြောင်းလဲလာမှုကိုဆန့်ကျင်ရာတွင်တစ်သဘောတည်းဖြစ်ကြ၏။ ဘုရားသခင်သည်ယင်းအရာကိုသိရှိတော်မူသည့်အတွက်ရှင်ပေတရုကိုရူပါရုံတစ်ခု***(အခန်းငယ် ၅-၆)***ကိုပေးတော်မူ၍ဘုရားသခင်စင်ကြယ်စေသောအရာကိုသူ့အနေဖြင့်မစင်ကြယ်ဟုမသတ်မှတ်ရန်သွန်သင်ခဲ့ပါသည်။ ကောနေလိသည်ရှင်ပေတရုဟောပြောသောနှုတ်ကပါတ်တော်ကိုယုံကြည်ခဲ့မှုနှင့်ဘုရားသခင်သည်နိမိတ်လက္ခဏာတစ်ခုကိုထပ်မံ၍ပေးအပ်ပြီးယုဒလူတို့မှားယွင်းနေကြောင်းကိုထင်ရှားစွာဖေါ်ပြပေးခဲ့ပါသည်။ နှုတ်ကပတ်တရားတော်ကိုကြားနာရသောလူအပေါင်းတို့အပေါ်သို့သန့်ရှင်းသောဝိညာဉ်တော်သည်သက်ရောက်တော်မူ၏။***(အခန်းငယ် ၄၄)***

ဤသို့အားဖြင့်ယုဒလူတို့အားအလွန်အံ့သြမိန့်မောခြင်းကိုဖြစ်စေခဲ့ပါသည်။ ဘုရားသခင်သည်တပါးအမျိုးသားများကိုလည်းယုံကြည်လာစေရန်အလိုတော်ရှိကြောင်းကိုအထက်ပါအထူးနိမိတ်လက္ခဏာဆုကျေးဇူးအားဖြင့်ယုဒလူတို့မှားယွင်းနေကြောင်း



ဖေါ်ပြပေးခဲ့ပါသည်။ ရှင်ပေတရု၏တုန့်ပြန်မှုမှာအလွန်မှတ်သားလောက်ပါသည်။

***"ဤသူတို့ဗတ္တိဇံမပေးစေခြင်းငှါအဘယ်သူသည်ရေကိုမြစ်တားနိုင်သနည်းဟုဆိုလျက်သခင်ဘုရား၏နာမ၌ဗတ္တိဇံကိုခံစေမည်အကြောင်းစီရင်လေ၏။" (အခန်းငယ် ၄၇-၄၈)***

**♦ အထူးမှတ်သားရန်မှာ၊ကော်နေလိနှင့်အိမ်သူအိမ်သားများသည်သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးကိုရရှိခံစားခဲ့ရသော်ငြားလည်း၊ရှင်ပေတရုမှဗတ္တိဇံမင်္ဂလာလိုအပ်ကြောင်းကိုဤအရာထက်မှတ်သားဖွယ်ရာသက်သေရှိပါအုံးမည်လား?**

ထို့ကြောင့်၊ဗတ္တိဇံနှင့်သက်ဆိုင်မှုအားအပေါ်ယံသက်သက်ရိုးရိုးဟောကြားခြင်းမျိုးသာမဟုတ်ကြောင်း၊ကယ်တင်ခြင်းအတွက်အဓိပ္ပါယ်ရှိသောအဆင့်တစ်ဆင့်တိုးတက်မှုတစ်ရပ်ဖြစ်ကြောင်းလွန်စွာရှင်းလင်းလှပါသည်။

## ကယ်တင်ခြင်းမည်သို့ရရှိနိုင်မည်နည်း?

အပေါ်ယံအနေဖြင့်ကြည့်ပါကအလွန်ခက်ခဲ၍ဖြေရှင်း၍မရနိုင်သောအနေအထားဖြစ်ပါသည်။ ကယ်တင်ခြင်းအတွက်ခက်ခဲသောအချက်မှာလူယောက်ျားနှင့်မိန်းမတို့သည်ဘုရားသခင်ကြံရွယ်

ထားခဲ့သောအသက်တာမှသွေဖယ်ကျဆုံးခဲ့မှုသည်အဓိကဖြစ်ခဲ့သည်။ သမ္မာကျမ်းစာသည်ယင်းကျဆုံးမှုကို ***“အပြစ်”*** ဟုခေါ်ဆိုပါသည်။ အပြစ်ဟုဆိုသည့်စကားကိုအများသူငါကြိုက်နှစ်သက်မှုမရှိကြသကဲ့သို့ကျွန်တော်တို့သည်လည်းကြိုက်နှစ်သက်ကြလိမ့်မည်မဟုတ်ပါ။ သို့သော်၊ရှောင်လွှဲ၍ကားမရနိုင်ပါ။

ဘုရားသခင်သည်အပြစ်ဟူသောစကားကိုလူသားတို့ပြစ်မှားသည့်အခါတိုင်းတွင်အသုံးပြုလေ့ရှိပါသည်။ ဓမ္မဟောင်းကျမ်းစာတွင်ဘုရားသခင်၏ပရောဖက်တို့သည်လည်းဣသရေလလူမျိုးတို့အပြစ်လွန်ကျူးသည့်အခါ၊ခေါ်ဝေါ်သုံးစွဲကြသကဲ့သို့ဓမ္မသစ်ကျမ်းစာတွင်သခင်ယေရှုနှင့်တမန်တော်တို့သည်လည်းသုံးစွဲထားရှိကြပါသည်။

ဘုရားသခင်ထားရှိခဲ့သောနှုတ်ကပတ်တော်အရ၊လူသားတို့၏အပြစ်တရားသည်ပေါ်လွင်ထင်ရှားနေသည့်အတွက်ယင်းကိုလွယ်ကူစွာဆေးကြောပစ်ရန်နှင့်အလေးအနက်မထားပါဟုဆို၍မရနိုင်ပါ။ ဘုရားသခင်သည်အပြစ်တရားကိုကုသရန်အတွက်အမှန်ပင်ကြံရွယ်ချက်ရှိထားခဲ့ကြောင်းကိုသံသယရှိစရာမလိုပါ။

ယင်းအပြင်ဘုရားသခင်သည်လူယောက်ျားနှင့်မိန်းမတို့ကိုယ်တိုင်လွန်ကျူးသောအပြစ်များကြောင့်ကယ်တင်ခြင်းရရှိမှုအတွက်ကြီးမားသောအဟန့်အတား၊အတားအဆီးများကိုဖယ်ရှားပစ်ရန်နည်းလမ်းတစ်ခုကိုပေးအပ်ထားခဲ့ပါသည်။ ယင်းမှာ၊ဘုရားသခင်၏နှုတ်ကပတ်တော်ကိုနားထောင်လိုက်နာရန်ပင်ဖြစ်သည်။



ဘုရားသခင်သည်နာဇရက်မြို့ရှိငယ်ရွယ်နုပျိုသောအမျိုးသမီးမာရိထံမှသန့်ရှင်းသောဝိညာဉ်တော်တန်ခိုးတော်ဖြင့်သားတော်ယေရှုကိုမွေးဖွားစေမှုဖြင့်အစပြုခဲ့ပါသည်။ ယင်းကို **“ရှင်လုကာခရစ်ဝင်ကျမ်း”** တွင်ရှင်းလင်းစွာဖေါ်ပြထားပါသည်။

> ***“ကောင်းကင်တမန်ကလည်း၊သန့်ရှင်းသောဝိညာဉ်တော်သည်သင်၏အပေါ်မှာသက်ရောက်တော်မူ၍၊ အမြင့်ဆုံးသောဘုရား၏တန်ခိုးအာနုဘော်တော်သည်သင့်ကိုလွှမ်းမိုးလိမ့်မည်။ ထိုအကြောင်းကြောင့်ထိုသန့်ရှင်းသောသားသည်လည်းဘုရားသခင်၏သားတော်ဟုခေါ်ဝေါ်သမုတ်ခြင်းကိုခံရလိမ့်မည်။” (ရှင်လုကာခရစ်ဝင်ကျမ်း ၁း၃၅)***

ဘုရားသခင်၏သားတော်ကိုလူသားမိန်းမတစ်ဦးထံမှမွေးဖွားစေခြင်း၏စစ်မှန်သောရည်ရွယ်ချက်ကိုကောင်းကင်တမန်ကယောသပ်အား၌သို့ပြောဆိုခဲ့ပါသည်။

> ***“သားယောက်ျားကိုဘွားမြင်လိမ့်မည်။ ထိုသားသည်မိမိလူတို့ကိုအပြစ်မှကယ်နှုတ်မည့်သူဖြစ်သောကြောင့်၊ ယေရှုဟူသောအမည်ဖြင့်မှည့်ရမည်ဟုကောင်းကင်တမန်ဆို၏။” (ရှင်မဿဲခရစ်ဝင်ကျမ်း ၁း၂၁)***

## သခင်ယေရှုသက်တော်စွန့်လွှတ်တော်မူခြင်း။

### ♦ သခင်ယေရှု၏သက်တော်စွန့်မှုသည်အပြစ်မှကယ်တင်ခြင်းရရှိမှုနှင့်မည်သို့သက်ဆိုင်နေသနည်း?

ဤအံ့ဩဖွယ်ရာအသက်တမျှအရေးကြီးသောမေးခွန်း၏အဖြေမှာ၊သခင်ယေရှု၏အသက်ရှင်နေထိုင်မှုအသက်တာနှင့်နောက်ဆုံးလက်ဝါးကားတိုင်ပေါ်တွင်အသက်စွန့်မှုတို့အပေါ်တွင်လုံးဝမူတည်နေပါသည်။ သခင်ယေရှု၏အသက်တာကိုဆင်ခြင်ကြပါစို့။ ဓမ္မသစ်ကျမ်းစာတွင်ဖော်ပြထားချက်အရသခင်ယေရှု၏အသက်တာ၊သဘောသဘာဝသည်ကျွန်တော်တို့ကဲ့သို့ပင်ဖြစ်ကြောင်းသိရှိရပါသည်။ သခင်ယေရှုသည်သူ၏လူသားမိခင်ကဲ့သို့ပင်လူ့ဇာတိသဘောသဘာဝရှိနေသည်မှာမလွဲမရှောင်သာပါ။ ***'ဟေဗြဲဩဝါဒစာ'*** တွင်သခင်ယေရှုသည်ကျွန်တော်တို့ကဲ့သို့ပင်၊ ***"အသွေးအသား" (၂း၁၄)***ရှိသူဖြစ်ကြောင်းဖော်ပြထားရှိပြီး၊ယင်းသို့ဖြစ်ရခြင်းသည်ကျွန်တော်တို့၏အတွေ့အကြုံနှင့်အခြေအနေများကိုဝေမျှခံစားနိုင်ရန်ဖြစ်ပါသည်။

***"ထိုသို့စုံစမ်းနှောင့်ရှက်ခြင်းကိုကိုယ်တော်တိုင်ခံ၍ဒုက္ခဆင်းရဲခြင်း၌ကျင်လည်သောကြောင့်၊. . . . . "***
***(ဟေဗြဲဩဝါဒစာ ၂း၁၈)***

***"ငါတို့ခံရသည်နည်းတူ၊အမျိုးမျိုးသောစုံစမ်းနှောင့်ရှက်ခြင်းတို့ကိုခံဘူးသောသူဖြစ်တော်မူ၏။ သို့ရာတွင်၊ ဒုစရိုက်အပြစ်နှင့်ကင်းလွတ်တော်မူ၏။" (ဟေဗြဲဩဝါဒစာ ၄း၁၅)***



ရိုးစင်စွာကြည့်ပါက၊သခင်ယေရှု၏သဘာဝတွေ့ကြုံမှုတို့သည်လူသားတို့နှင့်တူညီနေသည်ကိုသိရှိနိုင်ပါသည်။

သခင်ယေရှုသည်မိမိ၏သက်သာမှုနှင့်နှစ်သက်မှု(အတ္တ)ကိုရှာဖွေခြင်း၊မိမိ၏ကိုယ်ကာယလိုအပ်ချက်ပြည့်ဝနေမှုအတွက်သာယာကျေနပ်နေခြင်း၊မိမိ၏ဂုဏ်သိက္ခာကိုထိန်းသိမ်းထားခြင်း၊ချမ်းသာမှုနှင့်ဩဇာရှိရန်ဆန္ဒရှိနေခြင်းစသည်ဖြင့်မိမိကိုယ်မိမိကျေနပ်နှစ်သိမ့်စေသောအရာများ၏ဖိစီးမှုရှိခဲ့သော်လည်း၊အခြားယောကျ်ား၊မိန်းမတို့နှင့်မတူပါ။ သူသည်လောကီအလိုဆန္ဒများကိုအလျှော့ပေးခဲ့ခြင်းမရှိခဲ့ပါ။ ယင်းအလိုဆန္ဒများကိုငြင်းပယ်လျှက်ဘုရားသခင်၏စကားတော်ကိုသာသစ္စာရှိစွာဖြင့်နာခံတော်မူခဲ့ပါသည်။

ယင်းသည်ကြီးမြတ်သောအဓိပ္ပါယ်ထူးကိုဖြစ်စေသောအချက်ပင်ဖြစ်သည်။ လူသားတို့၏သမိုင်းတွင်ပတမဦးဆုံးအနေဖြင့်အပြစ်တရားကိုအောင်နိုင်ခြင်းပင်ဖြစ်သည်။ အထူးကြီးမြတ်၍ထူးခြားသောလူ့သဘာဝလွှန်စိုးစံရာနယ်ပယ်တွင်အပြစ်တရားသည်ရှုံးနိမ့်မြဲပင်တည်။

လူတို့မှမိမိတို့အတွက်မပြုလုပ်နိုင်သောအရာများကိုသခင်ယေရှုမှပြုလုပ်ဆောင်ရွက်တော်မူခဲ့သည်။ အပြစ်တရားနှင့်ကင်းစင်စွာဖြစ်ပွားခဲ့ခြင်းနှင့်လူသားမျိုးနွယ်ဝင်ဖြစ်သောသခင်ယေရှုသည်မိမိကိုယ်ကို ***"ဘုရားသခင်၏သိုးသူငယ်တော်"*** အဖြစ်ပူဇော်ခဲ့မှုကိုရှင်ယောဟန်မှအောက်ပါအတိုင်းပြောဆိုခဲ့ပါသည်။

***"ဤလောက၏အပြစ်ကိုဆောင်သွားသောဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့။" (ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁း၂၉)***

တနည်းကား၊အလိုတော်အတိုင်းမိမိကိုယ်မိမိလက်ဝါးကားတိုင်ပေါ်တွင်အသေခံ၍လူသားတို့၏အပြစ်တရားအတွက်ပူဇော်ခံခဲ့ပါသည်။ လူသားအားလုံး၏ကိုယ်စားလှယ်တော်အဖြစ်ရပ်တည်လျှက်ဘုရားသခင်၏ဖြောင့်မတ်သောတရားစီရင်ခြင်းကိုလက်ခံပြီးအပြစ်တရားကိုရှုတ်ချခဲ့ပါသည်။

သခင်ယေရှုသည်လူ့သဘာဝဖြစ်ရပ်ဖြစ်စဉ်တိုင်းတွင်အပြစ်တရားကိုရှုတ်ချခဲ့သကဲ့သို့အပြစ်တရားအတွက်***"ဇာတိ"*** အနေဖြင့်ပေးဆပ်ခဲ့ပါသည်။ ဤနည်းအားဖြင့်သခင်ယေရှုသည်သူ၏အသက်တာကိုလူသားတို့၏အပြစ်တရားအတွက်ကိုယ်ကိုကိုယ်ပူဇော်ခံခဲ့ပါသည်။***(ရောမသြဝါဒစာ ၈း၃)*** အံ့ဘွယ်ရာတစ်ခုမှာ၊သခင်ယေရှုသည်အပြစ်ကင်းစင်သူဖြစ်ခြင်းပင်ဖြစ်သည်။ ဘုရားသခင်နှင့်တူညီသောဖြောင့်မတ်ခြင်းရှိသောကြောင့်၊ဘုရားသခင်သည်သေခြင်းမှထမြောက်စေတော်မူပြီး၊သေခြင်းတရားကင်းသောထာဝရဖြစ်စဉ်နှင့်တန်ခိုးတော်ကိုပိုင်ဆိုင်သောအသက်အသစ်ကိုပေးအပ်ခဲ့ပါသည်။

**♦ ဤအချက်သည်ကျွန်တော်တို့ကိုမည်ကဲ့သို့ကူညီပေးနိုင်သနည်း?**

ကျွန်တော်တို့သည်အပြစ်ရှိသောကြောင့်ဤဇာတိကိုယ်



ခန္ဓာဖြင့်အသက်ရှင်နေသ၍ကာလပတ်လုံးပြည့်စုံသောအသက်တာဖြင့်အသက်မရှင်နိုင်ကြပါ။ ယင်းကဲ့သို့သောအသက်တာကိုလည်းမည်သည့်အခါမှမမျှော်လင့်နိုင်ကြပါ။

## ဘုရားသခင်၏သဘောထား(သတ်မှတ်ချက်များ)

ဘုရားသခင်၏သဘောထား(သတ်မှတ်ချက်များ)သည်အံ့သြဖွယ်ရာပြုမူဆောင်ရွက်ချက်အပေါ်တွင်မူတည်သည်မဟုတ်ပါ။ ဘုရားသခင်၏သားတော်ကိုယုံကြည်သည်ဟုပြောရုံဖြင့်ကျွန်တော်တို့ကိုအလိုအလျှောက်မပြောင်းလဲပေးပါ။ ထို့အပြင်၊အံ့သြဖွယ်ရာနည်းလမ်းဖြင့်သားတော်၏ကိုယ်တိုင်ပူဇော်မှုကြောင့်ဘုရားသခင်သည်ကျွန်တော်တို့ကိုအပြစ်မဲ့သူများအဖြစ်သတ်မှတ်မည်မဟုတ်ပါ။

သတ်မှတ်ချက်တစ်ချို့အရအပြစ်လွတ်ခြင်းအခွင့်သည်ဘုရားသခင်၏ကရုဏာတော်နှင့်ကျေးဇူးတော်အပေါ်တွင်သာမူတည်ပါသည်။

အဦးဆုံးသတ်မှတ်ချက်မှာ၊ဘုရားသခင်ထံသခင်ယေရှုအားဖြင့်လာရောက်သောလူယောက်ျားမိန်းမတို့သည်မိမိတို့၏ပကတိအခြေအနေမှန်ကိုသိရှိရန်လိုအပ်သည့်အပြင်အပြစ်တရားပြေညိမ်းခြင်းအတွက်လက်ဝါးကားတိုင်ပေါ်တွင်အသက်ပေးဆပ်ခဲ့သောသခင်ယေရှုကိုလည်းရှုမြင်ရန်လိုအပ်ပါသည်။ ယင်းနောက်မှသူတို့စိတ်ဆုံးဖြတ်၍မိမိတို့အလို အတိုင်းအသက်မရှင်တော့ဘဲသခင်ယေရှုဝိညာဉ်သဘောဖြစ်သောကျေးဇူးတော်နှင့်သမ္မာတရားအရအသက်ရှင်

ရပါလိမ့်မည်။

ယင်းနောက်မှဘုရားသခင်သည်ကျွန်တော်တို့အပေါ်တင်ထားသောစွဲဆိုချက်များကိုပယ်ဖျက်၍သူနှင့်မှန်ကန်သောဆက်သွယ်မှုရရှိစေရေးအတွက်လက်ခံပါလိမ့်မည်။ ထို့နောက်မှဘုရားသခင်၏မိသားစုသားသမီးများအဖြစ်ဆက်ဆံပါလိမ့်မည်။ ***ယင်းမိသားစု၏အကြီးအကဲမှာသူ၏တစ်ပါးတည်းသောသားတော်သခင်ယေရှုပင်ဖြစ်ပါသည်။***

## နောင်တရခြင်းနှင့်အသက်တာအသစ်ပြောင်းလဲခြင်း။

ယခုကျွန်တော်တို့သည်သမ္မာကျမ်းစာထဲမှစကားစုနှစ်ခုကိုနားလည်ရန်လိုအပ်ပါသည်။ ယင်းစကားစုနှစ်ခုကိုသခင်ယေရှုကောင်းကင်နိုင်ငံသို့တက်ကြွတော်မူပြီးမကြာမြင့်မီ၊ယေရုရှလင်မြို့တွင်တမန်တော်ရှင်ပေတရု၏ဟောပြောချက်တွင်တွေ့ရှိရပါသည်။

> ***"သင်တို့အပြစ်များကိုပြေစေခြင်းငှါနောင်တရ၍စိတ်ပြောင်းလဲခြင်းသို့ရောက်ကြလော့။ (တမန်တော်ဝတ္ထု ၃း၁၉)***

အလွန်အရေးကြီးသောစကားစုများဖြစ်သော ***"နောင်တရခြင်းနှင့်စိတ်ပြောင်းလဲခြင်း"*** ကိုယနေ့ခေတ်တွင်လွဲမှားစွာအသုံးပြုလျှက်ရှိနေသည်ကိုဝမ်းနည်းဖွယ်ရာတွေ့ရှိနေရပါသည်။ စစ်မှန်သောနောင်တရရှိရန်ဆိုသည်မှာ ***"စိတ်ပြောင်းလဲသည်"*** ဟုနား



လည်ပါသည်။ မည်သည့်စိတ်ပြောင်းလဲခြင်းဟုမေးမြန်းလျှင်၊ကျွန်တော်တို့မည်သည့်အရာကိုစဉ်းစားနေကြကြောင်းဟူသောအချက်မှာရှင်းလင်းသောအဖြေပင်ဖြစ်သည်။ စိတ်ပြောင်းလဲခြင်း(နောင်တရခြင်း)ဆိုသည်မှာ၊ဘုရားသခင်စံထားသောအသက်တာအရာ၌အသက်ရှင်ရန်ပျက်ကွက်ခဲ့မှုကိုသိရှိနားလည်၍အပြစ်သားဖြစ်သည်ဟုခံယူခြင်းပင်ဖြစ်ပါသည်။ ထို့နောက်တွင်မိန့်တော်မူချက်ကိုနာခံရန်ဖြစ်ပါသည်။

အသက်တာအသစ်ပြောင်းလဲခြင်းဆိုသောအဓိပ္ပါယ်မှာ၊ ***"ဦးတည်သွားနေရာမှလှည့်၍ဆန့်ကျင်ဖက်သို့လျှောက်လှမ်းခြင်း"*** ပင်ဖြစ်သည်။ ကျွန်တော်တို့သည်အသက်တာလမ်းကြောင်းပြောင်းရန်လိုအပ်ပြီးဘုရားသခင်၏အလိုတော်နှင့်အညီခရစ်တော်၏မိန့်မှာချက်များအရအသက်ရှင်ရခြင်းသည်သာအမှန်ပြောင်းလဲခြင်းဖြစ်ပါသည်။ သို့ရာတွင်ရှင်ပေတရုသည် ***ယေရုရှလင်မြို့*** ရှိလူများကိုတစ်ဆင့်တိုး၍ဟောပြောခဲ့သည်မှာ၊-

> ***"သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှါနောင်တရ၍တယောက်မျှမကြွင်း၊ယေရှုခရစ်၏နာမ၌ဗတ္တိဇံကိုခံကြလော့။" (တမန်တော်ဝတ္ထု ၂း၃၈)***

ရှင်ပေတရုသည်အဘယ်ကြောင့်ထပ်ဆင့်၍ပညတ်ရသည်ဆိုခြင်းမှာ၊သခင်ယေရှုနှင့်တမန်တော်တို့လက်ထက်၌ပေးသောဗတ္တိဇံမင်္ဂလာမှာရေတွင်လုံးလုံးနှစ်ခြင်းဖြစ်သည်ကိုအမှန်သိရှိနိုင်ပါသည်။ မည်သည့်အရာကိုဆိုလိုခြင်းကိုရှင်ပေါလုမှ ***ရောမမြို့*** သို့ပေး

ပို့သောစာတွင်ရှင်းလင်းပြခဲ့ပါသည်။

***"ယေရှုခရစ်၌ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည်အသေခံတော်မူခြင်း၌ဗတ္တိဇံကိုခံကြသည်ဟုသင်တို့မသိသလော့။ ထို့ကြောင့်၊အသေခံတော်မူခြင်း၌ဗတ္တိဇံကိုခံသောအားဖြင့်၊ထိုသခင်နှင့်အတူသင်္ဂြိုဟ်ခြင်းကိုခံကြ၏။" (ရောမသြဝါဒစာ ၆း၃-၄)***

ကောလောသဲမြို့တွင်နေထိုင်ကြသောသူများကိုရေးသားထားရှိသည်မှာ၊

***"ဗတ္တိဇံအားဖြင့်ထိုသခင်နှင့်အတူသင်္ဂြိုဟ်ခြင်းကိုခံကြ၏။" (ကောလောသဲသြဝါဒစာ ၂း၁၂)***

- **သို့သော်၊သေသောသူကိုသာလျှင်သင်္ဂြိုဟ်ကြသည်မှာဖြစ်ရိုးဖြစ်စဉ်သာဖြစ်ပြီး၊အသက်ရှင်သောသူကိုသင်္ဂြိုဟ်ကြပါသလား?**

မှန်ပါသည်။ ယင်းအချက်ကိုရှင်ပေါလုမှပြောဆိုနေခြင်းဖြစ်သည်။ ကောလောသဲမြို့ရှိယုံကြည်သူတို့သည်ဧဝံဂေလိတရားတော်ကိုယုံကြည်မှုမရှိခဲ့စဉ်ကာလ၌၎င်းတို့၏ဇာတိအခြေအနေကိုသတိပေးနေခြင်းဖြစ်သည်။

***"ဒုစရိုက်အပြစ်၌၎င်း၊ဇာတိပကတိ၏အရေဖျားလှီးခြင်း***



***ကိုမခံသောအဖြစ်၌၎င်းသေလျက်ရှိနေသော၊. . ." (ကောလောသဲသြဝါဒစာ ၂း၁၃)***

## သင်္ဂြိုဟ်ခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်း။

အထက်ပါကျမ်းချက်သည်ရှင်းလင်းလှပါသည်။သူတို့သည်ဘုရားသခင်ရှေ့တော်မှောက်တွင်လူသေများကဲ့သို့ဖြစ်ခဲ့ကြသည်။ အကြောင်းမှာ၊သူတို့၏ဇာတိပကတိသဘော၌သွေးသားဆန္ဒကိုမထိမ်းချုပ်နိုင်ခဲ့ကြသောကြောင့်ဖြစ်ပါသည်။ သူတို့တွင်မျှော်လင့်ခြင်းလုံးဝမရှိ၊မျှော်ကိုးရန်လည်းမရှိ၊သေခြင်းသာလျှင်ရှိပါသည်။ ဤသမ္မာတရားကိုသူတို့အသိအမှတ်ပြုရန်လိုအပ်ပြီး၊ရေထဲသို့ဆင်း၍ဗတ္တိဇံကိုယူဆောင်ကြသောအခါသူတို့ကိုယ်တိုင်၏သေခြင်းအဖြစ်ကိုခံယူပြီးသကာလ၊အပြစ်တရားအတွက်ဘုရားသခင်၏စီရင်ချက်သည်မှန်ကန်ဖြောင့်မတ်ပါသည်ဟုဝန်ခံကြစေရန်ဖြစ်ပါသည်။ ထို့နောက်ရည်ရွယ်ချက်အသစ်၊အသက်တာအသစ်ဖြင့်ရေထဲမှပြန်လည်ထလာကြပါသည်။

***"ခရစ်တော်သည်ခမည်းတော်၏ဘုန်းတန်ခိုးအားဖြင့်သေခြင်းမှထမြောက်တော်မူသည်နည်းတူ၊ငါတို့သည်လည်းအသစ်သောအသက်တာ၌ကျင်လည်ရကြသတည်း။" (ရောမသြဝါဒစာ ၆း၄)***

ထို့အပြင်ကောလောသဲမြို့တွင်နေထိုင်ကြသောသူများအတွက်ရေးသားချက်မှာ၊-

***"(သင်တို့). . . . ဗတ္တိဇံအားဖြင့်ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကိုခံကြ၏။. . . . ထိုသခင်နှင့်အတူထ မြောက်ခြင်းသို့ရောက်ကြ၏။" (ကောလောသဲဩဝါဒ စာ ၂း၁၂)***

အထက်ပါနိုင်းယှဉ်ချက်မှာရှင်းလှပါသည်။ သခင်ယေရှု သည်ရှင်ပြန်ထမြောက်ပြီးအသစ်သောအသက်တာနှင့်သေခြင်းတရား ကင်းသောသဘာဝကိုပိုင်ဆိုင်ရရှိသကဲ့သို့ယုံကြည်သူများသည်လည်း ရေထဲမှပြန်ထလာသောအခါအသစ်သောအသက်တာကိုရရှိကြပါ မည်။ ယုံကြည်သူ၏ကိုယ်ကာယသဘာဝသည်ယခင်အတိုင်းပင်ရှိ နေမြဲဖြစ်သော်လည်း၊သူ၏ရှေ့အလားအလာသည်ပြောင်းလဲပြီးဖြစ်လေ သည်။ အကယ်၍သူသည်မိမိ၏သဘောဆန္ဒအရသာအသက်ရှင် သွားမည်ဆိုပါက၊၎င်း၏အဆုံးသည်ထာဝရသေခြင်းဖြစ်သည်ကိုသိရှိ နားလည်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါသူသည်အသစ်သောအသိအ မြင်ရည်ရွယ်ရင်းရှိပြီးဖြစ်ရာ၊ယင်းမှာ၊ဘုရားသခင်၏အလိုတော်နှင့်သခင် ယေရှု၏မိန့်မှာချက်များပင်ဖြစ်ပါသည်။

ဤအရာကိုသခင်ယေရှုသည်နိကောဒင်အားဆိုလိုရင်း ဖြစ်သည့်၊***"ဒုတိယမွေးခြင်း၊" (ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၃း၇)*** ပင်ဖြစ်ပါသည်။ တမန်တော်ရှင်ပေါလုမှလည်းဤအရာကိုလက် တွေ့လုပ်ဆောင်ရန်ရှင်းလင်းခဲ့ပါသည်။

***"ထို့ကြောင့်၊သင်တို့၏သေတတ်သောကိုယ်ခန္ဓာ၏တပ် မက်ခြင်းအလိုသို့လိုက်ရသည်တိုင်အောင်၊. . . . . အ***



***ပြစ်တရားသည်သင်တို့ကိုမအုပ်စိုးရ။" (ရောမဩဝါ ဒစာ ၆း ၁၂၊၁၄)***

တနည်းအားဖြင့်သင်၏ဇာတိသဘောဆန္ဒသည်သင့်ကို အုပ်စိုးစေရန်အခွင့်ပေးပြီးမည်သည့်နည်းလမ်းနှင့်မျှကျွန်အဖြစ်သို့ မရောက်ရှိစေရန်တားစီးရမည်ဖြစ်ပါသည်။ အထူးသဖြင့်၊ရှင်ပေါ လုပြောဆိုသည် မှာ၊-

***"သေခြင်းမှထမြောက်၍အသက်ရှင်သောသူကဲ့သို့၊ ဘုရားသခင်အားကိုယ်ကိုကိုယ်ဆက်ကြလော့။" (ရောမဩဝါဒစာ ၆း၁၃)***

ထို့ကြောင့်၊ရိုးသားသောယုံကြည်သူသည်သူ၏စဉ်းစား ဉာဏ်ကိုပြောင်းလဲလိုက်ပြီဖြစ်သည်။ အကြောင်းမှာ၊သူသည်စိတ် ပြောင်းလဲခြင်းသို့ရောက်ရှိသွားသောကြောင့်ဖြစ်သည်။ ယင်းအား သမ္မာကျမ်းစာစကား၌ ***"နောင်တရခြင်း"*** ဟုခေါ်ဆိုပါသည်။ သူ သည်အသက်တာအသစ်ကိုရရှိနေသကဲ့သို့အသစ်သောရှေ့အလား အလာကိုရရှိထား၍ဖြစ်ပါသည်။ ဤသည်ကား၊ဒုတိယအကြိမ်မွေး ဖွားခြင်းပင်ဖြစ်သည်။ တမန်တော်မှဤအချက်ကိုခြားနားသောသူ တစ်ဦးဖြစ်လာသည်ဟုပြောဆိုခဲ့ပါသည်။

***"ပုပ်ပျက်သောလူဟောင်းကိုချွတ်ပယ်၍၊စိတ်နှလုံးသ ဘောသစ်ကိုရပြီးလျှင်၊. . . . . လူသစ်ကိုယူတင်ဝတ် ဆောင်မည်အကြောင်း၊. . . " (ဧဖက်ဩဝါဒစာ ၄း၂၂၊၂၄)***

***“အသေခံပြီးမှထမြောက်တော်မူသောသူ၏အလိုသို့လိုက်၍ရှင်စေမည်အကြောင်း၊လူအပေါင်းတို့အတွက်ကြောင့်အသေခံတော်မူသည်ဟူ၍ငင်း၊ငါတို့သည်သဘောထားလျက်၊ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်သည်ငါတို့ကိုအနိုင်အထက်သွေးဆောင်၏။” (ကောရိန္သုဩဝါဒစာဒုတိယစောင် ၅း၁၅)***

***“လူမည်သည်ကားခရစ်တော်၌ရှိလျှင်အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။” (ကောရိန္သုဩဝါဒစာဒုတိယစောင် ၅း၁၇)***

**အသစ်သောအသက်တာ။**

သို့ဖြစ်၍ဗတ္တိဇံမင်္ဂလာသည်ကျမ်းစာ၌ပါရှိသည့်အတွက်ထူးခြားသောအရာတစ်ခုဖြစ်ပါသည်။ ဤနည်းအားဖြင့်ယုံကြည်သူသည်၊သူ့အတွက်သေခြင်းမှကယ်တင်ရန်လိုအပ်သည်ကိုအသိအမှတ်ပြုပြီးတစ်ချိန်တည်းမှာပင်သူ၏ထူးခြားသောဆန္ဒအရခရစ်တော်၏ဝိညာဉ်နှင့်အတူအသက်ရှင်ရန်ဖြစ်ပါသည်။ ဘုရားသခင်သည်သူ့ကိုသား၊သမီးအဖြစ်လက်ခံလိမ့်မည်ဟူသောယုံကြည်ချက်ဖြင့်အသစ်သောအသက်တာတစ်ခုတွင်ပါဝင်လှမ်းလာပါလိမ့်မည်။ ဤအရာအားလုံးကိုရက်သားသာရှိသေးသောခလေးသူငယ်တစ်ဦးသည်မလုပ်ဆောင်နိုင်ပါ။ ခလေးငယ်သည်နားလည်ရန်နှင့်တုန့်ပြန်နိုင်ရန်မတတ်နိုင်သကဲ့သို့တစ်စုံတစ်ဦးသည်ဤခလေးအတွက်တာဝန်ခံလျှက်တာဝန်ယူရန်လည်းမဖြစ်နိုင်ပါ။ နှုတ်ကပါတ်တော်တွင်လူစားဝင်ရောက်မှုကိုခွင့်မပြုပါ။ ကျွန်တော်တို့သည်ကယ်တင်ခြင်းအ



တွက်ကိုယ်တိုင်ကိုယ်ကျလုပ်ကြရပါလိမ့်မည်။***(ဖိလိပ္ပိဩဝါဒစာ ၂း၁၂)*** ကျွန်တော်တို့အတွက်တစ်စုံတစ်ဦးကကိုယ်စားပြုလုပ်ပေး၍မရနိုင်ပါ။

ဤအတွက်ကြောင့်၊သမ္မာကျမ်းစာတွင်ခလေးသူငယ်များကိုဗတ္တိဇံပေးခြင်းနှင့်ပတ်သက်၍ဉပမာပေးထားခြင်းမရှိပါ။ ဗတ္တိဇံကိုခံယူသူအားလုံးတို့သည်မိမိတို့ဘာကိုလုပ်နေကြသည်ကိုသိရှိနားလည်သောအရွယ်ရောက်ပြီးသူများသာဖြစ်ရပါမည်။ ခရစ်သက္ကရာဇ် (၁၅၀) မတိုင်မှီအထိကနဦးအသင်းတော်တွင်ခလေးသူငယ်များကိုဗတ္တိဇံပေးခြင်းနှင့်ပတ်သက်သောအထောက်အထားများကိုမတွေ့ရပါ။ Justin Martyn(ခရစ်နှစ်-၁၆၅ တွင်ကွယ်လွန်)ဆိုသူသည်အရွယ်ရောက်ပြီးသူများအတွက်မှတ်တမ်းရေးထားကြောင်းကိုမှတ်တမ်းများအရသိရှိရပါသည်။

“ကျွန်တော်တို့ဟောပြောသွန်သင်ချက်များကိုမှန်ကန်သည်ဟုယုံကြည်ကြသူတိုင်းသည်ဤသွန်သင်ချက်အတိုင်းအသက်ရှင်ရန်တာဝန်ယူကြိုးစားထားကြရမည့်အပြင်အပြစ်လွတ်ခြင်းအတွက်လည်းဆုတောင်းကြရန်တိုက်တွန်းထားပါသည်။ (ကျွန်ုပ်တို့)မိမိတို့သဘောအရရွေးချယ်ခဲ့သောသား၊သမီးများဖြစ်ခြင်းနှင့်သိကျွမ်းခြင်းပညာပါရမီကိုရရှိစေရေးအတွက်ရေအားဖြင့်အပြစ်လွတ်ခြင်းကိုရယူရပါမည်။ (ယုံကြည်သူများသည်)အပြစ်များမှနောင်တရပြီးဒုတိယမွေးဖွားခြင်းခံ ယူသူအပြစ်ရွေးယူခြင်းကိုခံကြရပါမည်။(ကိုးကားချက်၊ Ante Nicene Christian Library, Volume ii, Page-59

Tertullian (ခရစ်နှစ် ၂၀၀ခန့်)ဆိုသူသည်ခလေးများကို ဗတ္တိဇံပေးခြင်းနှင့်ပတ်သက်၍သမိုင်းတွင်ပထမဆုံးဖေါ်ပြခဲ့သူဖြစ်သည်။ သူသည်တမန်တော်တို့၏ရှေးရိုးအစဉ်လာထုံးစံကိုထိမ်းသိမ်းသူအဖြစ်ဂုဏ်သတင်းကြီးသူတစ်ဦးဖြစ်သည်။ သို့ဖြစ်၍ခလေးသူငယ်များကိုဗတ္တိဇံပေးခြင်းအလေ့အထကြီးထွားလာနေမှုကို ထူးထူးခြားခြားဆန့်ကျင်ရေးသားထားသည်ကိုတွေ့ရှိရပါသည်။ "စိတ်အားထက်သန်စွာဆန့်ကျင်သူ"ဟုသမိုင်းပညာရှင်(Neander)ကဆိုထားပါသည်။ (Church History, Volume-1, Page-425)

**ခလေးသူငယ်များ၏ဗတ္တိဇံသည်သမ္မာကျမ်းစာနှင့်မညီညွတ်ပါ။**

ရာစုနှစ်မြောက်များစွာမှစတင်၍အထူးသဖြင့် ၁၆ ရာစုနှစ်ကသမ္မာကျမ်းစာသွန်သင်ချက်အရအသင်းတော်ပြုပြင်ပြောင်းလဲရေးကိုစိတ်ဝင်စားနေသောကာလမှာပင်လျှင်ခလေးများကိုဗတ္တိဇံပေးခြင်းသည်အငြင်းပွားစရာအကြောင်းတစ်ရပ်ဖြစ်ခဲ့ပါသည်။ ရောမကက်သလစ်အသင်းတော်သည်ယင်းအချက်ကိုအသင်းတော်၏အစဉ်အလာဖြစ်သည်ဟုရှင်းလင်းထုချေခဲ့သည်။ ယုံကြည်စိတ်မချရသောအခြေခံများအရခလေးသည်ဤစက္ကရမင်တမင်္ဂလာအားဖြင့်ဆုံးရှုံးပျက်စီးခြင်းမှကယ်တင်ခံရပြီးသန့်ရှင်းသောဝိညာဉ်တော်၏အသစ်ပြုပြင်ခြင်းကိုခံရသည်ဟုလက်ခံကြသည်။ စက္ကရမင်တမင်္ဂလာ၏အသစ်ပြုပြင်ခြင်းဟုခေါ်ပါသည်။ ဤသွန်သင်ခြင်းသည်ကျမ်းစာနှင့်မဆီလျော်ပါ။ အခမ်းအနားတစ်ရပ်သာဖြစ်ပါသည်။ သမ္မာကျမ်းစာတွင်ဖော်ပြသောဗတ္တိဇံမဟုတ်ပါ။

Dr. L. Lang ဟုခေါ်သော၊ဂျာမန်သီဩလောဂျီပညာရှင်



မှသန့်ရှင်းသောသမ္မာကျမ်းစာနှင့်ရှေးခရစ်ယာန်စာပေတို့ကိုဖတ်ရှုကြသူတိုင်း၊ခလေးသူငယ်များကိုဗတ္တိဇံပေးခြင်းကိုမဖေါ်ပြခဲ့ဘဲရှေးခရစ်ယာန်ယုံကြည်သူများသည်ပင်ဤအချက်ကိုလုံးဝသိရှိခြင်းမရှိကြောင်းဖတ်ရှုခဲ့ကြပါသည်။

Dean Stanley ဆိုသူသည်ဆောင်းပါးတစ်ခုတွင်ရေးသားခဲ့သည်မှာ၊ရေတွင်နှစ်ခြင်းပေးသည်မှာ၊တမန်တော်များလက်ထက်ကပင်ရှိနေခဲ့ပါသည်။ ယင်းကဲ့သို့နှစ်ခြင်းကိုမြောက်နှင့်အနောက်ပိုင်းဒေသတို့မှမကြိုက်မနှစ်သက်ကြခြင်း၊အဆင်မပြေခြင်းနှင့်ခံစားမှုမရှိခြင်းတို့ဖြစ်ခဲ့ကြသည်။ မည်သည့်ခရစ်ယာန်ကောင်စီမှဆုံးဖြတ်ခဲ့ခြင်းမရှိခဲ့ပါ။ ခရစ်ယာန်တို့၏လွတ်လပ်မှုဖြင့်အများ၏သဘောထားအရဤကြီးမားသောပြောင်းလဲမှုကိုပြုလုပ်ခဲ့ကြပါသည်။ (ခလေးများကိုရေဖျန်းပေးခြင်း)အနှောင့်အဖွဲ့ရှိသောစံများနှင့်ရှေးရိုးအစဉ်အလာများကိုပိုင်းခြားဝေဖန်တတ်သောပြောင်းလဲ၍အောင်ပွဲခံခဲ့ကြခြင်းကိုအထူးမှတ်သားထိုက်ပါသည်ဟူ၍ရေးသားခဲ့ပါသည်။(The Nineteenth Century Review, October1879)

တနည်းအားဖြင့်၊သခင်ယေရှု၏တပည့်တော်များမှကျင့်သုံးခဲ့သည့်မူလအခြေခံဖြစ်သောဝိညာဉ်ရေးနှင့်ဆက်နွယ်သောဗတ္တိဇံကိုအသင်းတော်အခြေအမြစ်မှစ၍ပြောင်းလဲခဲ့ရခြင်းအကြောင်းအရင်းမှာ၊အဆင်မပြေခြင်း၊လက်မခံနိုင်ခြင်းနှင့်ခံစားမှုတို့ကိုမနှစ်သက်ခြင်းတို့ဖြစ်ပါသည်။

**နှောင့်နှေးခြင်း။**

ယခုအထိရေးသားဖေါ်ပြချက်များအရဆွေးနွေးထိုက်သောအကြောင်းအချက်အနည်းဆုံးနှစ်ချက်ရှိပါသည်။ ပထမအချက်အနေဖြင့်တစ်ချို့သောသူများက ***"ကျွန်တော်ကြားရသမျှတွေဟာအမှန်တရားဆိုတာကိုဝန်ခံပါတယ်။ ဒါပေမဲ့၊ဗတ္တိဇံယူဖို့ကိုတော့ကျွန်တော်ရဲ့ခံစားချက်တွေကလက်မခံပါဘူး။"*** ဟုပြောဆိုကြပါသည်။ ဤကဲ့သို့ဖြစ်ခြင်းမှာ၊ထိုသူသည်မူလအားဖြင့်၊ဘာသာရေးအပေါ်တွင်စိတ်လှုပ်ရှားစွာဖြင့်ခံယူသူသာဖြစ်ပါမည်။ ဤကဲ့သို့ခံစားမှုမျိုး၊ထိုသူထံတွင်ဖြစ်ပေါ်လာပါက၊အချုပ်အားဖြင့်ထိုသူသည်ဗတ္တိဇံယူရန်အဆင်သင့်မဖြစ်သေးကြောင်းသိရှိရပါမည်။

သို့သော်၊ဤအချက်သည်မှားယွင်းချက်ဖြစ်သည်။ ဘုရားသခင်သည်ကျွန်တော်တို့အတွက်ဆန္ဒရှိသည့်အဦးဆုံးသောအချက်မှာသူ၏နှုတ်ကပတ်တော်ကိုနားလည်စေရန်ဖြစ်ပါသည်။ ထို့နောက်ယင်းထဲမှအမှန်တရားကိုလက်ခံပြီးစိတ်ဆုံးဖြတ်၍ဘုရားသခင်၏အစေကိုကြိုးစားလုပ်ဆောင်ရန်ဖြစ်ပါသည်။ အရေးကြီးသောအကြောင်းပြချက်တစ်ခုမှာနှုတ်ကပါတ်တော်မှသွန်သင်သောမြဲမြံသည့်နည်းစနစ်တစ်ခုရှိနေသည်ဆိုခြင်းပင်ဖြစ်သည်။

လူတစ်ဦးသည်အရေးကြီးသောအမှန်တရားတစ်ချို့ကိုသိရှိနားလည်ပြီး၊မိမိ၏အသက်တာတွင်ကျွမ်းဝင်လိုက်လျှောက်ပါကထိုသူသည်ထူးခြားသောအကျင့်စရိုက်တစ်ခုကိုသန့်ရှင်းသောဝိညာဉ်တော်ကသူ၏စိတ်ကိုအသစ်ပြုပြင်ခြင်းဖြင့်ရရှိပါလိမ့်မည်ဟုရှင်ပေါလုကဖေါ်ပြခဲ့သည်။ ဤပြောင်းလဲမှုသည်အစဉ်တည်မြဲနေမည်ဖြစ်



သည်။ ဘုရားသခင်သည်ထိုလူသစ်ကိုအမှုတော်ထဲတွင်ယခုမှစ၍နောင်အသက်ရှင်သည်အထိအသုံးပြုပါလိမ့်မည်။

**ဘုရားသခင်၏မိန့်တော်မူချက်များ။**

အဆုံးတွင်ဘုရားသခင်၏မိန့်မှာချက်အရဗတ္တိဇံမင်္ဂလာကိုခံယူကြရမည်ဆိုပါကကျွန်တော်တို့နာခံလျက်လုပ်ဆောင်ကြရပါလိမ့်မည်။ ကျွန်တော်တို့နက်ရှိုင်းသောအလေးအနက်ထားခြင်းအတွက်အကျိုးသည်နောက်မှလိုက်ပါလိမ့်မည်။ ယင်းအတွက်ဘုရားသခင်သည်ကျွန်တော်တို့၏အပြစ်တရားအတွက်မည်သို့ရှုမြင်သနည်းဟူသောအမှန်တရားကိုမိမိ၏အသက်တာတွင်ခံယူလိုက်လျှောက်ကြမည်ဆိုပါက၊ဘုရားသခင်၏အပြစ်လွှတ်ခြင်းကိုရရှိပြီး၊-

> ***"ငါတို့၌အတိုင်းထက်အလွန်များလှစွာသောကျေးဇူးတော်သည်ကြွယ်ဝပြည့်စုံသည်နှင့်အညီ၊. . "(ဧဖက်သြဝါဒစာ ၁း၇)***

သို့ရာတွင်၊ပထမဦးဆုံးသောခြေလှမ်းမှာ၊ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုနှိမ့်ချစွာဖြင့်ခံယူပြီးနာခံလုပ်ဆောင်ရန်ဖြစ်ပါသည်။

အချို့မှာမူ၊ဤအချက်အားလုံးတို့မှာ၊အမှန်တရားဖြစ်ကြောင်းလက်ခံပါသည်။ သို့သော်၊ထိုအချက်များကိုအထိုက်အလျှောက်အားဖြင့်မလိုက်လျှောနိုင်ကြကြောင်းဆိုခါအစမပြုလိုပါ။ ဤအရာကိုရိုးသားစွာဖေါ်ပြကြပါစို့။ ဘုရားသခင်၏မိန့်မှာချက်

များကိုထိုကဲ့သို့အကြောင်းပြပြီးရှောင်ရှား၍ငြင်းပယ်သောသဘောသာဖြစ်ပါသည်။ လူတစ်ဦးသည်ဝိညာဉ်ရေးဆိုင်ရာဗတ္တိဇံမင်္ဂလာ၏အမှန်တရားကိုလက်ခံပါသည်ဟုဆိုလျှက်ပင်မခံယူပါကဘုရားသခင်၏အလိုတော်ကိုအတိအလင်းငြင်းပယ်လိုက်ခြင်းပင်ဖြစ်သည်။ ထိုသူတွင်ဖြစ်နိုင်ချေရှိသည်မှာဘဝ၏အမှန်တရားနှင့်ကရုဏာတော်နှင့်သန့်ရှင်းမှုဖြင့်ပြည့်ဝသောသခင်ယေရှု၏နောက်တော်သို့ကြိုးစားလိုက်လျှောက်ရန်စိတ်မှသိရှိနားလည်သော်လည်း၊မည်သည့်အခါမျှမှီအောင်လိုက်လျှောက်နိုင်မည်မဟုတ်ဟူသောခံစားချက်ကြောင့်ဖြစ်ပါလိမ့်မည်။

ထိုသို့ဆိုလျှင်ထိုသူသည်ပျက်စီးဆုံးရှုံးခြင်းကိုခံရပါလိမ့်မည်။ သို့သော်၊ဤထင်မြင်ချက်သည်ကြီးမားသောနားလည်မှုလွဲမှားခြင်းတစ်ရပ်ပေါ် မူတည်ခြင်းဖြစ်ပါသည်။ ဘုရားသခင်သည်ကျွန်တော်တို့ကိုစုံလင်သောအသက်တာတွင်အသက်ရှင်ရန်အလိုရှိသည်ဟူသောထင်မြင်ယူဆချက်အပေါ် တွင်မူတည်ခဲ့လေသည်။ ဘုရားသခင်သည်ကျွန်တော်တို့၏သဘာဝအားနည်းမှုများကိုကောင်းမွန်စွာနားလည်သိကြွမ်းပါသည်။ ယင်းကို ***“ဆာလံကျမ်း ၁၀၃း၁၁-၁၄”*** တွင်ဖေါ်ပြထားပါသည်။

***“မြေကြီးပေါ် တွင်ကောင်းကင်အမြင့်ရှိသည်အတိုင်း၊ ထာဝရဘုရားကိုကြောက်ရွံ့သောသူတို့၌ကရုဏာတော်သည်အနောက်မျက်နှာစွန်းနှင့်ဝေးသည်အတိုင်း၊ငါတို့အပြစ်များကိုငါတို့နှင့်ဝေးစေတော်မူ၏။ အဘသည်သားတို့ကိုသနားစုံမက်သည်နည်းတူ၊ထာဝရဘုရား***



***သည်ကြောက်ရွံ့သောသူတို့ကိုသနားစုံမက်တော်မူ၏။ အကြောင်းမူကား၊ငါတို့ကိုယ်ခန္ဓာကိုသိတော်မူ၏။ ငါတို့သည်မြေမှုန့်ဖြစ်ကြောင်းကိုအောက်မေ့တော်မူ၏။”***

ကျွန်တော်တို့သည်သွေးအေးသောအာဏာရှင်တစ်ဦးနှင့်ဆက်ဆံနေခြင်းမဟုတ်ပါ။ ကရုဏာတော်နှင့်ပြည့်စုံသောအဘသည်မည်သူကိုမျှပျက်စီးခြင်းသို့မရောက်ရှိစေဘဲကယ်တင်ခြင်းရရှိရန်နှင့်သမ္မာကျမ်းစာပါတရားတော်ကိုသိရှိနားလည်စေရန်***(တိမောသေဩဝါဒစာပထမစောင် ၂း၄၊ ရှင်ပေတရုဩဝါဒစာဒုတိယစောင် ၃း၉)***နှင့်နောင်တရရှိစေရန်ဆန္ဒရှိသောဘုရားသခင်နှင့်ဆက်ဆံဆက်သွယ်လျှက်ရှိနေသည်ကိုသိရှိရန်လိုအပ်ပါသည်။

အတိုချုပ်ဆိုရသော၊ဘုရားသခင်ထံသို့မှားယွင်းပျက်ကွက်မှုများကိုဝန်ချတောင်းပန်၍ရိုးသားစွာဖြင့်အစေခံရန်စိတ်ဆန္ဒရှိသူများကိုခွင့်လွှတ်ရန်အဆင်သင့်ရှိသူဖြစ်ပါသည်။ ထိုသူတို့အတွက်ခွန်အားပေးသောလူ(ကြားဝင်ဖျန်ဖြေသူ)မှာခမည်းတော်၏လက်ယာဘက်တွင်ထိုင်တော်မူနေသောသခင်ယေရှုပင်ဖြစ်ပါသည်။ ကျွန်တော်တို့သည်ဘုရားသခင်၏ကရုဏာတော်ကိုယုံကြည်လက်ခံ၍သူ၏အမိန့်တော်ကိုနာခံလိုက်လျှောက်ကြပါစို့။ ဗတ္တိဇံမင်္ဂလာသည်မလွဲနိုင်သောပထမခြေလှမ်းပင်ဖြစ်ပါသည်။

## ထူးခြားသောအခွင့်။

ဗတ္တိဇံသည်ဘုရားသခင်မှကျွန်တော်တို့အတွက်ဖွင့်လှစ်သောဗျာဒိတ်အလိုတော် ***“သမ္မာတရား”*** ကိုနားလည်ကြောင်းဝန်ခံ

သောအမှတ်လက္ခဏာပင်ဖြစ်ပါသည်။ ကျွန်တော်တို့အတွက်အသစ်သောမြော်လင့်ခြင်းရှိသောအသက်တာတစ်ခုကိုဖွင့်လှစ်ပေးခြင်းပင်ဖြစ်ပါသည်။

- ♦ ကျွန်တော်တို့ဘဝအတွက်လုံခြုံ၍သစ်လွင်သောခရီးတစ်ခု၊-
- ♦ မရေရာသောပြဿနာဒုက္ခများနှင့်ပြည့်နှက်နေသောဤလောကတွင်လျှောက်လှမ်းရန်လမ်းသစ်တစ်ခု၊-
- ♦ အရေးကြီးသောဘဝအသက်တာဆိုင်ရာများကိုဆုံးဖြတ်နိုင်စွမ်းရှိသောအသစ်သောပိုင်းခြားတတ်သည့်အာရုံအသစ်ဖြစ်သောသခင်ယေရှုအားဖြင့်ရန်ကိုငြိမ်းစေခဲ့သောဘုရားသခင်နှင့်ငြိမ်းချမ်းစွာဆက်ဆံနိုင်သောအသစ်သောညာဏ်ပညာ၊-

စသည်တို့သည်ကျွန်တော်တို့ဧဝံဂေလိတရားတော်ကိုကြားနာကြပြီး၊ယုံကြည်လိုက်သည်နှင့်ကျွန်တော်တို့၏အခြေအနေသည်အထက်ပါကဲ့သို့ပြောင်းလဲသွားပါသည်။ ကျွန်တော်တို့၌ရှိသောအပြစ်များကြောင့်၊ဘုရားသခင်အဖို့ကျွန်တော်တို့သည်တစ်စိမ်းတစ်ရံစာများမဟုတ်ကြတော့ပါ။

မျက်မှောက်တော်တွင်တန်ဖိုးကြီးမားသောသားသမီးများဖြစ်လာကြရပါမည်။ ထို့အပြင်၊ကျွန်တော်တို့သည်သခင်ယေရှုတ



ဖန်ကြွရောက်လာပြီး၊ဤကမ္ဘာမြေကြီးတွင်နိုင်ငံတော်ကိုတည်ထောင်သောအချိန်တွင်ကျွန်တော်တို့သည်အမွေဆက်ခံသူများဖြစ်လာကြပါလိမ့်မည်။

ဤသည်ကား၊ထင်ရှားသောအလားအလာမြော်လင့်ခြင်းပင်ဖြစ်သည်။ ကျွန်တော်တို့လက်လွှတ်စပယ်ပေါ့ဆစွာပစ်ပယ်ခြင်းမျိုးကိုမပြုလုပ်မိကြရန်အလွန်အရေးကြီးလှပါသည်။

*- Fred Pearce*

• • • • • • • • • • •

ကျွန်တော်များ**Christadelphians Bible Mission of Myanmar ခရစ်တော်၌ညီအစ်ကိုမောင်နှမများ**အမှုတော်ဆောင်အဖွဲ့သည်မှပုံမှန်ဓမ္မစာပေးစာယူ(အခမဲ့)သင်တန်းအတွက်လိုအပ်သောသင်ခန်းစာများနှင့်ဝိညာဉ်ရေးရာနှိုးကြားရန်အတွက်(မြန်မာ/အင်္ဂလိပ်)နှစ်ဘာသာတို့ဖြင့်ရေးသားထုတ်ဝေထားရှိသောဓမ္မစာအုပ်ငယ်များကိုလည်းအခမဲ့မှာယူဖတ်ရှုလိုကြပါကအောက်ပါလိပ်စာသို့ဆက်သွယ်မှာကြားနိုင်ကြပါသည်။

**ဆက်သွယ်ရန်။**

*Christadelphians Bible Mission of Myanmar*
*Tel: 73056021 - 0951-66337*
*E-mail: ivan.edwards2009@gmail.com*